## သစ်တောဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ ပုံစံ(၈)ဝင် မီးသွေး၊ထင်း၊ ချိပ် များအား လေလံတင် ရောင်းချမည့် အစီအစဉ်

**သစ်တောဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် ၊ ပြင်ဦးလွင်မြို့နယ်ရှိ ပုံစံ(၈)ဝင် မီးသွေး(၂၀.၈)တန်၊ ထင်း(၂၇.၂၄၂)တန်၊ ချိပ်(၁၂၈၀)ပိဿာတို့အား (၂၂-၅-၂၀၁၄) ရက်နေ့တွင် လေလံ စည်းကမ်းချက်များနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချသွားမည့် ဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။**

ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးရုံးချုပ်၊ နေပြည်တော်၏ (၂၁. ၂. ၂၀၁၄)ရက်စွဲပါစာအမှတ်၊ လင/အခ/၀၀၂၀၇ (၂၃၆၄ - ၆၆/၂၀၁၄)၊ ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၏ (၃. ၃. ၂၀၁၄)ရက်စွဲပါစာအမှတ်၊ အခ/၀၀၉၅ (၁၀၀၇၀ - ၇၁/၁၄) နှင့် လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်ရုံး၏ (၁၇. ၃. ၂၀၁၄)ရက်စွဲပါစာအမှတ်၊ ၁၀၀၅၇ - ၅၈/ထ(က)၂ (လေလံ) တို့ဖြင့် ညွှန်ကြားချက်အရ ပြင်ဦးလွင်မြို့နယ်၊ သစ်တောဦးစီးဌာန၏ ပုံစံ(၈)ဝင် မီးသွေး (၂၀. ၈)တန်၊ ထင်း (၂၇. ၂၄၂)တန် နှင့် ချိပ် (၁၂၈၀)ပိဿာတို့အား အောက်ပါလပ်ပုံအမှတ်များဖြင့် ပြင်ဦးလွင်မြို့နယ်၊ သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိရုံး၌ ၂၀၁၄ ခုနှစ်၊ မေလ (၂၂) ရက်နေ့ (၁၀:၀၀) နာရီအချိန်တွင် (Open Tender) စနစ်ဖြင့် ပူးတွဲပါ လေလံ စည်းကမ်းချက်များနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည် ဖြစ်ပါကြောင်း ကြော်ငြာလိုက်သည်။

| စဉ် | ပုံစံ(၈)အမှတ် | အမျိုးအမည် | အရေအတွက် | တန် | လပ်ပုံအမှတ် | တည်နေရာ |
|---|---|---|---|---|---|---|
| ၁ | ၆၆/၂၀၁၁-၁၂ | ပေါင်(၉၀)ဝင်မီးသွေး | ၁၅ အိတ် | ၄. ၈၀၀၀၀ | ၁ | ဝက်ဝံ |
| ၂ | ၈၀/၂၀၁၁-၁၂ | ပေါင်(၄၅)ဝင်မီးသွေး | ၁၀၀ အိတ် | ၁၆. ၀၀၀၀ | ၂ | ဝါးနက် |
| ၃ | ၈၅/၂၀၁၂-၁၃ | ထုံးထင်း | - | ၃. ၃၂၆၄ | ၃ | ဝက်ဝံ |
| ၄ | ၈၆/၂၀၁၂-၁၃ | ထုံးထင်း | - | ၀. ၃၉၆၀ | ၄ | ဝက်ဝံ |
| ၅ | ၉၄/၂၀၁၂-၁၃ | ထင်းမြီးရှည် | - | ၂၀. ၀၀၀၀ | ၅ | ညောင်နီ |
| ၆ | ၃၁/၂၀၁၃-၁၄ | ထင်း | - | ၀. ၅၂၀၀ | ၆ | မိုးကြိုးပစ် |
| ၇ | ၁၈/၂၀၁၃-၁၄ | ထင်း | - | ၃. ၀၀၀၀ | ၇ | နောင်ခမ်းကြီး |
| ၈ | ၂၀/၂၀၁၃-၁၄ | ချိပ် | ၁၂၈၀ ပိဿာ | - | ၈ | ဧည့်ရိပ်သာ |

## သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့
## ထင်း၊ မီးသွေး၊ ချိပ်များ လေလံတင်ရောင်းချရန်အတွက်
## လေလံကြော်ငြာအမှတ်၊ ၁/၂၀၁၄ – ၁၅
## စည်းကမ်းချက်များ

၁။ ပြင်ဦးလွင်မြို့နယ်တွင်တည်ရှိသော လေလံတင်ရောင်းချမည့် ပုံစံ(ဇ)ဝင်မီးသွေး (၂၀. ၈)တန်၊ ထင်း (၂၇. ၂၄၂)တန် နှင့် ချိပ် (၁၂၈၀)ပိဿာကို သွားရောက်ကြည့်ရှုရန်နှင့် မျက်မြင်အခြေအနေအတိုင်း သစ်တောဦးစီးဌာနမှ (Open Tender) စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ လေလံဆွဲဝယ်မည့်ပုဂ္ဂိုလ်သည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ပြီး အမျိုးသား/နိုင်ငံသား စိစစ်ရေးကတ်ပြား ပြသနိုင်သူဖြစ်ရမည်။

၃။ လေလံတင်ရောင်းချခြင်းကို ပြင်ဦးလွင်ဦးစီးအရာရှိရုံးတွင် ၂၀၁၄ ခုနှစ်၊ မေလ (၂၂)ရက်၊ နံနက် (၁၀ း ၀၀)နာရီတွင် လေလံတင်ရောင်းချပါမည်။

၄။ (Open Tender) စနစ်ဖြင့် လေလံတင်ရောင်းချမည့် ပုံစံ(ဇ)ဝင်မီးသွေး (၂၀. ၈)တန်၊ ထင်း (၂၇. ၂၄၂)တန် နှင့် ချိပ် (၁၂၈၀)ပိဿာကို လေလံတင်ရောင်းချရေးအဖွဲ့မှ ထုတ်ပေးမည့် ကြည့်ရှုခွင့်လက်မှတ်ဖြင့် (၁၉. ၅. ၂၀၁၄)ရက်နေ့မှစ၍ လေလံမတင်မီတစ်ရက်အလို ရုံးချိန်အတွင်း (ရုံးပိတ်ရက်မှအပ) ကြည့်ရှုနိုင်သည်။

၅။ လေလံဆွဲဝယ်မည့်သူများသည် လပ်ပုံတစ်ခုစီအတွက် စဘော်ငွေ (၂၀၀၀ိ/-) (ကျပ်နှစ်သောင်းတိတိ) ကို ငွေသားဖြင့် ပြင်ဦးလွင်မြို့နယ်၊ ဦးစီးအရာရှိရုံး၌ (၁၉. ၅. ၂၀၁၄)ရက်နေ့မှ (၂၁. ၅. ၂၀၁၄)ရက်နေ့အထိ ရုံးချိန်အတွင်း အောက်ပါအတိုင်း ပေးသွင်းရမည်။

(က) ပေးသွင်းထားသော စဘော်ငွေများကို ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်၊ ထုတ်ပိုးလက်ခံပြီး သိမ်းဆည်းထားပါမည်။

(ခ) ပြန်လည်ထုတ်ပေးသည့်အခါ၌လည်း အထုတ်လိုက် ပြန်လည်ထုတ်ပေးပါမည်။

(ဂ) စဘော်ငွေ ပေးသွင်းသောငွေစက္ကူများတွင် သုံးမရသော တရားမဝင် ငွေစက္ကူများပါရှိပါက သစ်တောဦးစီးဌာနမှ တာဝန်မယူပါ။

၆။ စဘော်ငွေပေးသွင်းပြီးဖြစ်ကြောင်း ငွေရပြေစာ (မူရင်း)နှင့် လေလံစည်းကမ်းချက်များ တင်ပြနိုင်သူကိုသာ လေလံဆွဲဝယ်ခွင့်ပေးမည် ဖြစ်ပါသည်။

၇။ (Open Tender) စနစ်ဖြင့် လေလံတင်ရောင်းချရာတွင် လေလံဆွဲဝယ်မည့်သူမှ လပ်ပုံ(၁)ခုစီအလိုက် ဈေးပေး၍ စာအိတ်ဖြင့် လေလံတင်ရောင်းချရေးအဖွဲ့ထံ တင်သွင်းရမည်။

၈။ လေလံဆွဲဝယ်အောင်မြင်ခြင်းမရှိသောသူများ၏ စဘော်ငွေကို လေလံပြီးဆုံးသည့်နေ့မှစ၍ (၇)ရက် အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ထုတ်ယူခြင်းမရှိက လေလံတင်ရောင်းချရေးအဖွဲ့မှ ပြည်သူ့ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းမည်ဖြစ်ပါသည်။

၉။ လေလံဆွဲဝယ် အောင်မြင်သူသည် တန်ဘိုး၏ (၂၅ %)ကို (၂၃. ၅. ၂၀၁၄)ရက်နေ့ (၁၆ : ၃၀)နာရီ အချိန်အတွင်း လေလံတင်ရောင်းချရေးအဖွဲ့သို့ ပေးသွင်းရမည်။

၁၀။ လေလံအောင်မြင်သူသည် တန်ဘိုးငွေ အပြည့်အဝပေးသွင်းခြင်းကို (၂၇. ၅. ၂၀၁၄)ရက်နေ့ (၁၆ : ၃၀)နာရီအတွင်း ပေးသွင်းရမည်။ သတ်မှတ်ရက်အတွင်း ပေးသွင်းနိုင်ခြင်းမရှိပါက ပေးသွင်းထားသည့် ငွေနှင့် စဘော်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူမည်ဖြစ်ပါသည်။

၁၁။ လေလံအောင်မြင်သူသည် တန်ဘိုးငွေအပြည့်အဝကို သစ်တောဦးစီးဌာန လေလံတင်ရောင်းချရေး အဖွဲ့သို့ ပေးသွင်းပြီးမှသာ ဆွဲဝယ်ရရှိသည့် ထင်း၊ မီးသွေး၊ ချိပ်များအား ဘီလ်ပြေစာထုတ်ပေးခြင်းနှင့် လေလံဆွဲဝယ်ရရှိသည့် ထင်း၊ မီးသွေး၊ ချိပ်များ ထုတ်ယူခြင်းကို လေလံတင်ရောင်းချရေးအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၁၂။ လေလံဆွဲဝယ်အောင်မြင်သူသည် ငွေများအပြေအလည်ပေးသွင်းပြီးနောက် ဘီလ်ပြေစာထုတ်ပေးပြီး (၇)ရက်အတွင်း သယ်ဆောင်ရမည်ဖြစ်ပြီး ၎င်းရက်နောက်ပိုင်းတွင် ပစ္စည်းများ ပျောက်ဆုံးခြင်းကို တာဝန်ယူမည်မဟုတ်ပါ။

၁၃။ လေလံဆွဲဝယ်အောင်မြင်သူသည် တန်ဘိုးငွေအပြည့်အဝ ပေးချေပြီးပါက အောက်ပါစာရွက်စာတမ်းများကို ပြသပြီး လေလံဆွဲဝယ်ရရှိသည့် ထင်း၊ မီးသွေး၊ ချိပ်များကို ထုတ်ယူနိုင်ပါသည်။

(က) အမျိုးသား/နိုင်ငံသားစိစစ်ရေးကတ်ပြား

(ခ) ကိုယ်စားလှယ်မှ ထုတ်ယူလျှင် တရားဝင်ကိုယ်စားလှယ်စာ

(ဂ) သစ်တောဦးစီးဌာနမှ ထုတ်ပေးသော ဘီလ်ပြေစာနှင့် ငွေပေးသွင်းပြီးကြောင်း ချလံ/ပြေစာ။

၁၄။ လေလံတင်ရောင်းချရေးအဖွဲ့သည် အကြောင်းတစ်စုံတစ်ရာ ဖော်ပြခြင်းမရှိဘဲ လေလံတင်ရောင်းချခြင်းကို ပယ်ဖျက်ခွင့်ရှိသည်။ ဤကဲ့သို့ ပယ်ဖျက်ခြင်းခံရပါက တင်သွင်းပေးဆောင်ထားသည့် စဘော်ငွေ အပါအဝင် စရံငွေများကို လေလံဆွဲဝယ်ထားသူအား ပြန်လည်ပေးအပ်မည် ဖြစ်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

သစ်တောဦးစီးဌာန

ပြင်ဦးလွင်မြို့။